
| အခေါ်အဝေါ် | အဓိပ္ပါယ်ဖွင့်ဆိုချက် | ပုံရိပ် |
|---|---|---|
| **ဖြတ်တောက်ခြင်း** | ခန္တာကိုယ်အစိတ်အပိုင်းတခုဆုံးရှုံးခြင်း၊ ဥပမာ-ခြေထောက် (သို့)လက် | |
| **အဆစ်ရောင်ခြင်း** | လူတစ်ယောက်၏<br>အဆစ်များတောင့်တင်းလာခြင်း၊ရောင်ရမ်းလာခြင်းနှင့်<br>လှုပ်ရှားရန်နာကျင်ခြင်း စသည့်ကျန်းမာရေးပြဿနာ။ | |
| **သူငယ်နာအကြောရောဂါ** | လှုပ်ရှားမှု၊ ကြွက်သားတင်းခြင်း၊ဟန်ချက်ညီမှုနှင့်<br>ကိုယ်နေဟန်ထားတို့ကို ထိခိုက်စေသောအခြေအနေများ။<br>သူငယ်နာအကြောရောဂါသည် မမွေးခင်၊မွေးဖွားစဉ် နှင့်<br>မွေးဖွားပြီးနောက် ဦးနှောက်ထိခိုက်ပျက်စီးသွား၍<br>ရရှိလာသောရောဂါတစ်ခုဖြစ်သည်။ | |
| **ဆီးချို/သွေးချိုရောဂါ** | သွေးထဲတွင် သကြားဓါတ်များသောရောဂါ တစ်ခုဖြစ်သည်။<br>၎င်းရောဂါမှများစွာသော ကျန်းမာရေးပြဿနာများ<br>ခန္ဓာကိုယ်အစိတ်အပိုင်းများ (အထူးသဖြင့် ခြေထောက်)<br>တွင်ခံစားမှုခက်ခဲခြင်း၊ ခြေထောက်အနာများဖြစ်ခြင်း၊ အမြင်အာရုံ<br>တဖြည်းဖြည်း ဆုံးရှုံးခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ဆီးမထိန်းနိုင်ခြင်း<br>နှင့် အရာအားလုံးကိုမှတ်မိရန်ခက်ခဲခြင်း စသည်တို့ကို ဖြစ်စေနိုင်သည်။ | |
| **ဆီးချိုကြောင့်ဖြစ်သော ခြေဖဝါး ဒဏ်ရာ/အနာ** | ခြေဖဝါးအရေပြားပေါက်ပြဲခြင်း။ ခြေဖဝါးဒဏ်ရာများသည်<br>ခြေဖဝါးတွင်ခံစားမှု လျော့နည်းစေသော ဆီးချိုသွေးချိုနှင့် အခြားသော<br>ကျန်းမာရေးအခြေအနေများကြောင့် ဖြစ်ပေါ်လာသည်။ မကုသလျှင်<br>ခြေထောက်ဖြတ်ရသည်အထိဖြစ်သွားနိုင်သည်။ ခြေဖဝါး ပြည်တည်နာ<br>ဟုလည်း ခေါ်သည်။ |  |
| **ဆုပ်ကိုင်ရန် လက်ရမ်း၊** | လူတစ်ဦး ဟန်ချက်ညီရန် (သို့) လှုပ်ရှားရန် အတွက်<br>ဆုပ်ကိုင်နိုင်သည့် တပ်ထားသောဘား။ |  |

| | | |
|---|---|---|
| **ဘား** | | |
| **ကျန်းမာကြံ့ခိုင်ခြင်း** | ရုပ်ပိုင်းဆိုင်ရာ ကျန်းမာခြင်းနှင့် သန်စွမ်းခြင်း။ | |
| **ချည့်နဲ့ခြင်း** | အားပျော့ခြင်း၊ ထိခိုက်လွယ်ခြင်းနှင့် အားနည်းခြင်း။ လူများအသက်ကြီးလာပြီး ကျန်းမာရေးကျဆင်းလာသောအခါ ဖြစ်ပေါ်လာတတ်သည်။ | |
| **အားပြုကိရိယာ** | လူတစ်ဦး၏ခန္ဓာကိုယ်အစိတ်အပိုင်းကို ထောက်ပံ့ပေးသော အားပြုကိရိယာ(အထိန်း သို့ ကျပ်စည်း/splint)။ ၎င်းတို့သည် နာကျင်မှုလျော့စေခြင်း၊ လှုပ်ရှားမှုကို ကူညီခြင်းနှင့် မလိုအပ်သောလှုပ်ရှားမှု ကိုတားဆီးပေးသည်။ |  |
| **လှုပ်ရှားနိုင်စွမ်းမရှိခြင်း** | ခန္ဓာကိုယ်အစိတ်အပိုင်း (လက်/ ခြေထောက်) လှုပ်ရှားနိုင်စွမ်းမရှိတော့ခြင်း။ | |
| **ပိုလီယို** | လူတစ်ဦး၏ကြွက်သားများ အားနည်းခြင်း (သို့) အားယုတ်ခြင်း ဖြစ်စေသောပြင်းထန်သည့်ကူးစက်ရောဂါ။ ရောဂါပျောက်သွားသော်လည်း လူနာ၏လှုပ်ရှားသွားလာနိုင်မှုကို ထိခိုက်စေသည်။ | |
| **ဖိအားကြောင့်ဖြစ်သောဒဏ်ရာ** | အရေပြားပေါက်ပြဲဒဏ်ရာဖြစ်သည်။ အများအားဖြင့် အရိုးပေါ်တွင် ဖြစ်လေ့ရှိပြီး လှုပ်ရှားရန်နှင့် အနေအထားပြောင်းရန်ခက်ခဲသူတို့တွင်ဖြစ်လေ့ရှိသည်။ | |

| | | |
|---|---|---|
| **ခြေတုလက်တု** | မရှိတော့သော ခန္ဓာကိုယ်အစိတ်အပိုင်း (ဥပမာ- ခြေထောက်) ကို အစားထိုးရန် ဖန်တီးထားသော ခြေထောက်တစ်ခု |  |
| **ဘီး၄ဘီးပါသောလမ်းလျှောက်လက်ကိုင်တွန်းလှည်း** | ဘီး၄ဘီးပါသောလမ်းလျှောက်ကိရိယာ | |
| **မိမိကိုယ်ကိုပြုစုစောင့်ရှောက်ခြင်း** | ကိုယ့်ဘာသာကိုယ်ကြည့်ရှုစောင့်ရှောက်ခြင်းဖြစ်သည်။ မိမိ၏အခြေခံလိုအပ်ချက် များကို နေ့စဉ် ကိုယ်တိုင်စောင့်ရှောက်နိုင်ရန် TAP က ဦးတည်ခဲ့သည်။ ဥပမာ- အဝတ်လျှော်ခြင်း၊သန့်စင် ခန်းသွားခြင်း၊ အဝတ်ဝတ်ခြင်း၊ စားခြင်း၊သောက်ခြင်း။ | |
| **ခံစားမှုအာရုံ** | ထိတွေ့မှု၊ ဖိအား နှင့် နာကျင်မှုတို့ကို ခံစားနိုင်သောအာရုံ။ | |
| **ကျောရိုးရှိပင်မအာရုံကြောဒဏ်ရာရခြင်း** | ထိခိုက်ဒဏ်ရာ (သို့) ရောဂါ ကြောင့်ကျောရိုးအာရုံကြောမကြီးပျက်ဆီးခြင်းကြောင့်ဖြစ်လေ့ရှိသည်။အာရုံကြောမကြီး ထိခိုက်ဒဏ်ရာရပြီးနောက် ဦးနှောက်နှင့် ခန္ဓာကိုယ်ကြား အာရုံကြောမကြီးမှတဆင့် ဆက်သွယ်မရနိုင်တော့ချေ။ အာရုံကြောမကြီး ထိခိုက်ဒဏ်ရာရသည့် ခန္ဓာကိုယ်အောက်ပိုင်းသည် မလှုပ်ရှားနိုင်ခြင်း(အကြောသေခြင်း) ၊အာရုံခံစားမှုမရှိတော့ခြင်းကို ဖြစ်စေနိုင်သည်။ | |
| **လေဖြတ်ရောဂါ** | ဦးနှောက်ထဲတွင် သွေးကြောပိတ်ခြင်း။ ၎င်းကြောင့် ခန္ဓာကိုယ်တစ်ခြမ်းအားယုတ်ခြင်းအပြင် စကားပြောခြင်း၊ ခံစားမှု၊ တွေးခေါ် ခြင်းနှင့်မြင်ခြင်း တို့ကိုပါ ပြဿနာဖြစ်စေနိုင်သည်။ | |
| **ဖြတ်ပိုင်း** | ခြေ(သို့) လက်ကို ဖြတ်ပြီးနောက် ကောင်းသောအဆစ်တွင်ကျန်ရစ်ခဲ့သော အစိတ်အပိုင်း (သို့) အများအားဖြင့် ဖြတ်ပိုင်းဟုခေါ်သည်။ |  |

| | | |
|---|---|---|
| **ကျန်းမာရေးအထောက်အကူ ပြုဖိနပ်** | လမ်းလျှောက်နိုင်သော်လည်း ခြေဖဝါးကိုဖိအားနှင့် ပွတ်တိုက်မှုဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သူများအတွက် အတွင်းတွင် ဖနောင့်အခံပါသော ရှူးဖိနပ်။ |  |
| **ရွှေ့ပြောင်းခြင်း** | ခန္ဓာကိုယ်ကိုတစ်နေရာမှတစ်နေရာသို့ ရွှေ့ခြင်း။ |  |
| **အလေးချိန်သယ်ယူခြင်း** | လူတစ်ယောက်သူ၏ ခြေထောက်/များဖြင့် သယ်ယူနိုင်သော ကိုယ်အလေးချိန်။ | |